# Child Care Suspension Resources for Families (ကလေးစောင့်ရှောက်မှု ဆိုင်းငံ့ထားချိန် မိသားစုများအတွက် အကူအညီရယူရန်အရင်းအမြစ်များ)

### မေး- DCYF ၏ ကလေးစောင့်ရှောက်ခွင့်လိုင်စင် ချပေးခြင်းဆိုသည်မှာ အဘယ်နည်း။

**ဖြေ-** Department of Children, Youth, and Families (ကလေးသူငယ်များ၊ လူငယ်နှင့် မိသားစုများဌာန DCYF) သည် Washington ပြည်နယ်ရှိ မိသားစုအိမ်၊ ကလေးစောင့်ရှောက်ရေး စင်တာများ၊ ကျောင်းနေအရွယ်နှင့် ပြင်ပသဘာဝအခြေခံ ပရိုဂရမ်ပေါင်း 6,000 ကျော်ကို လိုင်စင်ချပေးပါသည်။ လိုင်စင်ရ ကလေးစောင့်ရှောက်မှုလုပ်ငန်း လုပ်ကိုင်သူများသည် မိမိတို့၏ စောင့်ရှောက်မှုအောက်ရှိ ကလေးများက လုံခြုံစိတ်ချရပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပြုစုပျိုးထောင်မှု ပတ်ဝန်းကျင်တွင် ရှိနေကြောင်း သေချာစေရန် ပြည်နယ်က သတ်မှတ်ထားသော အခြေခံအရည်အသွေး စံနှုန်းများဖြစ်သည့် Washington Administrative Code (Washington အုပ်ချုပ်ရေး ဥပဒေ WAC) ကို လိုက်နာရပါသည်။

### မေး- လိုင်စင်ဆိုင်းငံခြင်းဆိုသည်မှာ အဘယ်နည်း။

**ဖြေ-** ၎င်းသည် ကလေးများဘေးကင်းစေရန် DCYF ၏ ချက်ချင်း အရေးယူဆောင်ရွက်ချက်တစ်ခု ဖြစ်သည်။ ဆိုင်းငံ့ထားစဉ် ကလေးစောင့်ရှောက်ရေးလုပ်ငန်းကို လုပ်ကိုင်၍မရပါ။ စောင့်ရှောက်ရေးလုပ်ငန်း၏ လိုင်စင်အခြေအနေအား ရည်ညွှန်းရာတွင် "ဆိုင်းငံ့ခြင်း" ဟူသည့် အသုံးအနှုန်းသည် ထိုနေရာတွင်စာရင်းသွင်း အပ်နှံထားသော ကလေးများ သို့မဟုတ် ပြည်သူလူထု၏ ကျန်းမာရေး၊ ဘေးကင်းရေး သို့မဟုတ် စိတ်ချမ်းသာပျော်ရွှင်ရေးကို ကာကွယ်ရန်အတွက် လိုင်စင်အား ယာယီရပ်တန့်ရန် ဌာန၏ စည်းကမ်းထိန်းသိမ်း အရေးယူမှုတစ်ခုဖြစ်သည်။ (WAC 110-300 - **https://app.leg.wa.gov/wac/default.aspx?cite=110-300&full=true**)

### မေး- ကလေးစောင့်ရှောက်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ လိုင်စင်မှာ အဘယ်ကြောင့် ဆိုင်းငံ့ခံရမည်နည်း။

**ဖြေ-** ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးကင်းလုံခြုံသော ပတ်ဝန်းကျင်တွင် ကလေးများ ရှိနေနိုင်စေရေး DCYF ၏ အခန်းကဏ္ဍအနက် ကလေးသူငယ်များအား ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် လျစ်လျူရှုခြင်းဆိုင်ရာ စွပ်စွဲချက်များ၊ ကလေးများတွင် ကျရောက်အံ့ဆဲဆဲ ကျန်းမာရေးနှင့် ဘေးကင်းရေး အန္တရာယ်များကို ထည့်သွင်းစဉ်းစားခြင်းမှာ တစ်ခုအပါအဝင်ဖြစ်သည်။

### မေး- ဆိုင်းငံ့ခြင်းနှင့်ပတ်သက်၍ DCYF အနေဖြင့် ကျွန်ုပ်နှင့် မည်သည့် အချက်အလက်များကို မျှဝေပေးနိုင်ပါသနည်း။

**ဖြေ-** ဆိုင်းငံ့ခြင်းသည် ပွင့်လင်းသော တိုင်ကြားချက်ကို စုံစမ်းစစ်ဆေးနေမှုကြောင့် ဖြစ်နိုင်ခြေများသည်။ သို့ဖြစ်၍ အချက်အလက် များများစားစားကို မျှဝေနိုင်မည် မဟုတ်ပါ။ နောက်ထပ်မေးမြန်းလိုသည်များရှိလျှင် သင့်ဒေသန္တရရုံးကို ဆက်သွယ်နိုင်သည်-
**https://dcyf.wa.gov/find-an-office/el-offices**

### မေး- တိုင်ကြားချက် သို့မဟုတ် ဆိုင်းငံ့မှုကိစ္စ ပြီးဆုံးပြီးနောက် ထိုကိစ္စအကြောင်း အသေးစိတ်သိရှိလိုလျှင် ထိုအချက်အလက်များကို မည်ကဲ့သို့ ရနိုင်မည်နည်း။

**ဖြေ-** အများပြည်သူထံ ထုတ်ဖော်ချက်များနှင့် မှတ်တမ်းများအား ထုတ်ပြန်ပေးရန် တောင်းဆိုချက်အားလုံးအတွက် ကျွန်ုပ်တို့၏ ပြည်သူ့မှတ်တမ်းဌာနကို **https://dcyf.wa.gov/public-records** တွင် ဆက်သွယ်ပါ။ **https://dcyf.wa.gov/services/earlylearning-childcare/child-care-check** တွင် Child Care Check (ကလေးစောင့်ရှောက်မှု စစ်ဆေးရေး) ဆိုင်ရာ အချက်အလက်အချို့ကိုလည်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

### မေး- ကလေးစောင့်ရှောက်ရေး ဂေဟာတွင် ကျွန်ုပ်ကလေး၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးနှင့်ပတ်သက်၍ နောက်ထပ် စိုးရိမ်မှုများရှိပါက မည်သူ့ကို ဖုန်းခေါ်ဆိုနိုင်မည်နည်း။

**ဖြေ-** DCYF ၏ 24/7 အဝင်လက်ခံရေးဖုန်းလိုင်း 1-866-363-4276 သို့မဟုတ် **www.dcyf.wa.gov/safety/report-abuse** တွင်ဖော်ပြထားသည့် ဒေသန္တရ အဝင်လက်ခံရေးနံပါတ်သို့ ခေါ်ဆိုပါ

### မေး- ကျွန်ုပ်၏ကလေးသည် ကလေးပြုစုစောင့်ရှောက်ရေး ထောက်ပံ့ကြေး လက်ခံရရှိနေသူဖြစ်လျှင် မည်သို့လုပ်ရမည်နည်း။

**ဖြေ-** ကလေးစောင့်ရှောက်ရေး ထောက်ပံ့ကြေးအတွက် ဆက်သွယ်ရန်စင်တာ 1-844-626-8687 သို့ ဆက်သွယ်ပါ

### မေး- အစားထိုး ကလေးစောင့်ရှောက်မှုကို မည်သည့်နေရာတွင် ရှာဖွေနိုင်သနည်း။

**ဖြေ-** လိုင်စင်ရ ကလေးစောင့်ရှောက်မှုလုပ်ငန်းကို ရှာဖွေရာတွင် အထောက်အကူဖြစ်စေမည့် အရင်းအမြစ်အချို့ကို ဖော်ပြပေးလိုက်ပါသည်-

- Child Care Check (ကလေးစောင့်ရှောက်ရေး စစ်ဆေးခြင်း)
  **https://dcyf.wa.gov/services/earlylearningchildcare/child-care-check**
  1 (866) 482-4325, **ရွေးချယ်စရာ 3**
- Washington ၏ Child Care Aware (ကလေးစောင့်ရှောက်ရေး သတိပြုစရာ)
  **https://childcareawarewa.org**
  1 (800) 446-1114
  **familycenter@childcare.org**

---

*ဤထုတ်ဝေမှုစာစောင်မိတ္တူများကို အခြားပုံစံ သို့မဟုတ် ဘာသာစကားဖြင့် အခမဲ့ ရရှိလိုလျှင် DCYF ၏ ကလေးသူငယ်ရေးရာပြန်ကြားရေးဌာန 1-800-723-4831 သို့ ဆက်သွယ်ပါ သို့မဟုတ် communications@dcyf.wa.gov သို့ အီးမေးလ်ပို့ပါ။*

DCYF PUBLICATION LIC_0077 BS (02-2025) Burmese

Washington State Department of
CHILDREN, YOUTH & FAMILIES